Volume 3 / Issue 4 / April / 2010

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## ခရစ်တော်၏ကားတိုင်ထက်မှ စကားကြီး(၇)ချက်



၁။ ***အိုအဘ၊ သူတို့၏ အပြစ်ကို လွှတ်တော် မူပါ။ သူတို့သည် ကိုယ်ပြုသော အမှုကို မသိကြ*** ဟုမြွက်ဆိုတော်မူ၏။ (လုကာ၊၂၃း၃၄)

၂။ ယေရှုကလည်း၊ ***ငါအမှန်ဆို သည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်*** ဟုမိန့်တော်မူ၏။ (လုကာ၊၂၃း၄၃)

၃။ မယ်တော်အား၊ ***အချင်းမိန်းမ၊ သင်၏သားကိုကြည့်ပါ*** ဟူ၍၎င်း၊
တပည့်တော် အားလည်း၊***သင်၏အမိကို ကြည့်ပါ*** ဟူ၍၎င်း မိန့်တော်မူ၏။ (ယော၊၁၉း၂၆)

၄။ ယေရှုက၊ ***ဧလိ၊ ဧလိ၊ လာမရှာဗခသာနိ*** ဟု ကြီးသော အသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ် ဘုရား၊ အကျွန်ုပ်ဘုရား၊အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။(မာကု၊၁၅း၃၄)

၅။ ယေရှုက၊ ***ရေငတ်သည်*** ဟုမိန့်တော်မူ၏။ (ယော၊၁၉း၂၈)

၆။ ယေရှုသည် ပုံးရည်ကို ခံပြီးမှ၊ ***အမှုပြီးပြီ*** ဟုမိန့်တော်မူလျက်၊ ခေါင်းတော်ကို ငိုက်စိုက်ညွှတ်၍ အသက်တော်ကို စွန့်တော်မူ၏။ (ယော၊၁၉း၃၀)

၇။ ယေရှုသည်လည်းကြီးသောအသံနှင့် ကြွေးကြော်တော် မူပြီးလျှင်၊ ***အိုအဘ၊ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏*** ဟု မိန့်တော်မူလျက် အသက်ချုပ်တော်မူ၏။ (လုကာ၊၂၃း၄၆)

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org



## ဆူးနှင့်သွေး

မဆိုရှယ်(မော်တင်လိန်း)

ကျမတို့အိမ် ခြံစည်းရိုးမှာ စက္ကူပန်းပင်များ တန်းစီ စိုက်ထားတာ၊ နှစ်ပေါင်း ကြာလာ သည်နှင့်အမျှ အရံအတား အဖြစ် အခိုင်အမာ တည်ရှိနေတဲ့ အပြင် ပန်းများ ဝေဝေဆာဆာ ပွင့်လာ ချိန်မှာ အလွန်လှပပြီး ရှုမညီးနိုင်အောင် ကြည့်လို့ အလွန် ကောင်းပါတယ်။ ဒီ့အပြင် စက္ကူပန်းပင်မှာ ချွန်ထက်သန်မာသော ဆူးများ ရှိတယ်။ ဒါဟာလည်း လှပသောပန်းတို့၏ လက်နက်တစ်ခုဘဲ မဟုတ်ပါလား။

တစ်နေ့၊ ထိုပန်းရုံကို အကိုင်းအခက်များ ဖြတ်နေစဉ် အခိုက်မှာ၊ မတော်တဆ ဒါမှ မဟုတ်လဲ ဂရုမစိုက်မိတာပဲလား၊ အသေအချာတော့ မပြောနိုင်ပါ။ ဖျတ်ကနဲ ကျမရဲ့လက်ထဲ ဆူး စိုက်ဝင်သွားတာ ချက်ခြင်း သွေးများ စီးထွက် လာပါတယ်။ ဖြတ်ထားသော အကိုင်းအစများကို ကျော်လွှားကာ၊ လက်က သွေးများကို ရေဆေးဖို့ အလုပ်မှာ ဝတ်ထားတဲ့ ရော်ဘာဖိနပ်ကို ဖေါက်ပြီး ခြေဖဝါးထဲ ဆူး စိုက်လို့ ခုန်စွခုန်စွနဲ့ဖြစ်ကာ ကြည့်လိုက်တော့ သွေးတွေထွက်နေတယ်။ ဆူးဆိပ်ကပြင်းတော့ နာကျင်မှု ခံစားရတယ်။

အော်! ဆူးစူးဝင်တာနဲ့ အသဲခိုက်အောင် နာကျင်မှု၊ သွေးဖြာထွက်တာမြင်တာနဲ့သွေးလန့်မှုတွေကြောင့် တဒိတ်ဒိတ်နှလုံးခုံသံလည်း မီးရထား (၁၀)စီး ခုတ်မောင်းသံ နှင့် အပြိုင်ပါဘဲ။

ဒီလိုနဲ့ ပန်းပင်ရှင်းတဲ့ အလုပ်ကို ဆက်မလုပ်နိုင် ဘေးထိုင်လို့ ငိုင်နေခိုက်၊ စိတ်အာရုံထဲ အတွေးနဲ့ ခံစားမှု တစ်ရပ် … ဝင်ရောက်လာ ပါတယ်။ အဲဒါကတော့ "ဆူးနှင့်သွေး" ပါဘဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀၀၀)ကျော် အထက်က၊ ယေရှုသခင်သက်တမ်း(၃၃)နှစ်အရွယ်မှာ ရန်သူ့လက်ထဲ အပ်နှံခြင်းခံခဲ့ရတယ်။ အကြောင်းရင်းခံ အမှုကတော့"ယုဒရှင်ဘုရင်" ဆိုတဲ့ စွဲချက်နဲ့ မြို့ဝန်မင်းရှေ့ ခုံရုံး တင်ခဲ့တယ်။ မြို့ဝန်မင်းက လူအများရှေ့မှာ သခင့်အား "ယုဒရှင်ဘုရင် မှန်သလော" ဟု မေးရာ၊ "မင်းကြီးမေးသည်အတိုင်း မှန်သည်"ဟုမိန့်တော်မူ ခဲ့ပါတယ်။ ယဇ်ပုရောဟိတ်တွေ လူအကြီးအကဲတွေ အပြစ်တင်ကြပေမဲ့၊ သခင်က ဘာတစ်ခွန်းကိုမှ ပြန်မပြော။

မနာလိုစိတ် နဲ့မကျေမနပ်ဖြစ်နေတဲ့ လူအုပ်က နာမည်ကြီး ရာဇဝတ်ကောင် ဗာရဗ္ဗကိုလွှတ်ဖို့ အော်ဟစ်ကာ အဆိုတင်ကြတော့ အနိုင်ရသွားကြတယ်။ အဲဒီအချိန် ကျွန်ုပ်သခင် ဘက်မှာ ဘယ်သူမှ မရှိကြဘူး။ တပည့်တော်တွေကလည်း အဝေးမှာ … ။ နောက်ဆုံး စီရင်ချက်က "ဗာရဗ္ဗကို လွှတ်စေ …။ ယေရှုကို လက်ဝါးကပ်တိုင်မှာ ရိုက်ပြီး သတ်စေ … "။

မြို့ဝန်မင်းအမိန့်နဲ့ စစ်သားတွေစုရုံးပြီး ယေရှုကို အိမ်တော်ဦးသို့ခေါ်ဆောင်သွား။ ယုဒရှင်ဘုရင်လုပ်ခြင်သူ ဆိုပြီး၊ သခင့်အဝတ်တော်ကိုချွတ် အနီရောင်ဝတ်လုံကိုခြုံဘို့ပေး။ အနီးအနားမှာ ပေါက်နေတဲ့ ဆူးခြုံပင်က အကိုင်းအခက်ကိုချိုး။ ရစ်ပတ်လိမ်ခွေကာ ဦးရစ်လုပ်လို့ ခေါင်းတော်ပေါ် ခပ်ပြင်းပြင်း ဆောင့်လို့တင်။ အသားထဲ ဆူးစိုက်ဝင်ကာ သခင့်မျက်နှာပေါ် စီးကျလာတဲ့ သွေးတွေက နီနီရဲ။ ဆူးဆိပ် တွေက တဖျင်းဖျင်းနဲ့ ကျိတ်မှတ်ကာခံစား။ ရာဇလှံတံအစား ကျူတစ်လုံးကို လက်ျာလက်ထဲထဲ့။ ရှေ့တော်မှာ ဒူးထောက်လို့ ပြက်ယယ်ပြုကြသေး။ တံထွေးနှင့် ထွေးသူထွေး။ ကျူလုံးနဲ့ရိုက်သူကရိုက်…။ဝေဒနာလမ်းနဲ့ ကားတိုင်ထက်မှာလည်း ရက်စက်ကြလို့ ယိုစီးလာတဲ့ အသွေး။ ခံရတဲ့ ဒဏ်ရာဒဏ်တွေ …။

အို! သခင် … ဆက်ပြီး မတွေးဝံ့တော့ပါဘူး … သခင်ရယ်။

သခင် … ကျွန်ုပ်တို့ကိုယ်စား ခံသွားပေးတာ ကျေးဇူးတော်မြတ် ကြီးလှပါတကား။

သခင့် … အသွေးတော်အားဖြင့် ကျွန်ုပ်တို့ပြစ်ကျွေးကို ဖြေရှင်းပေးလို့ လွှတ်မြောက်ခဲ့ပါပြီ။

သခင် … ခံရသော ဒဏ်ရာဒဏ်ချက်တော်အားဖြင့် ကျွန်ုပ်တို့ အနာပျောက် ခဲ့ပါပြီ။

သခင်သည် "ယုဒရှင်ဘုရင်" သာမက "လူမျိုးအပေါင်းတို့၏ဘုရင် " ဖြစ်ပါ၏။
ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော် မူစေသတည်း။ ဟာလေလုယာ ! … အာမင်။ ။

# ထမြောက်ခြင်းဧဝံဂေလိတရား

*ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏။*
*ငါ့ကို ယုံကြည်သောသူသည် သေလွန် သော်လည်း ရှင်လိမ့်မည်။ ငါ့ကို ယုံကြည်၍ အသက်ရှင်သောသူ*
*ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ် မပြတ် ကင်းလွတ် ကြလိမ့်မည်။ (ယော၊၁၁း၂၅–၂၆)*



တမန်တော်ကြီး ရှင်ပေါလုသည် ကောရိန္တု အသင်းတော်၌၊ ဧဝံဂေလိတရားကို ဟောပြောစဉ်၊ "ညီအစ်ကိုတို့၊ ငါသည် သင်တို့အား ဟောပြောဘူးသည်နှင့်အညီ၊ သင်တို့သည်ခံယူ၍ မှီဝဲဆည်းကပ်သော ဧဝံဂေလိတရား အကြောင်းများကို သင်တို့ သည် အကျိုးမဲ့မယုံဘဲ စိတ်စွဲလန်းလျှင်၊ ထိုဧဝံဂေလိတရားအားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်ကြလတံ့၊"ဟုပြောဆိုခဲ့၏။

ထိုကြောင့်၊ ခရစ်တော်၏ သေခြင်းမှထမြောက်ခြင်း ဧဝံဂေလိတရားကို ဟောပြော ကြရာတွင် သင်တို့သည်လည်း ယုံကြည်ကြ၏။

### ကျမ်းစာလာသည်အတိုင်း ရှေ့ဦးစွာသော အကြောင်းအရာဟူမူကား၊–

- ခရစ်တော်သည် ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။
- သင်္ဂြိုဟ်ပြီးမှ၊သုံးရက်မြောက်သောနေ့၌ထမြောက်တော်မူ၏။

### မျက်မြင်သက်သေများ အကြောင်းအရာဟူမူကား၊–

ခရစ်တော်သည် အသေခံတော်မူပြီးလျှင်၊ သင်္ဂြိုဟ်ပြီးမှ၊သုံးရက်မြောက်သောနေ့၌ထမြောက်တော်မူ၍၊ တမန်တော်တို့အား အရက်လေးဆယ် ပတ်လုံး ကိုယ်ကိုပြ၍ ဘုရားသခင်၏နိုင်ငံတော်နှင့် စပ်ဆိုင်သော အရာတို့ကို မိန့်မြွက်တော်မူလျက်၊ မိမိအသက်ရှင်သည် အကြောင်းကို ခိုင်ခံ့သောသက်သေ အများအားဖြင့် ပြတော်မူခဲ့၏။

ကေဖ အမည်သစ်ကို ရသောရှင်ပေတရုသည် ကိုယ်တော်ကိုမြင်ပြီးမှ၊ တကျိပ်နှစ်ပါးသောသူတို့ သည်မြင်ရကြ၏။ ထိုနောက် ညီအစ်ကို ငါးရာမက၊ တပြိုင်နက် မြင်ရကြ၏။ ထိုနောက် ယာကုပ် မြင်ရ၏။ ထိုနောက် တမန်တော်အပေါင်း တို့သည် မြင်ရကြ၏။ နောက်ဆုံး၌ ရှင်ပေါလု ပင်မြင်ရ၏။

### ခရစ်တော်သည် ထမြောက်တော် မမူလျှင်၊–

(က) မမှန်သောသက်သေခံဖြစ်ကြ၏။

အချို့မှာ၊ သေသော သူတို့သည် ထမြောက်ခြင်းမရှိဟု အဘယ်ကြောင့် ဆိုရကြသနည်း။ ဤအရာမှာအကျိုးကွင်းဆက်ရှိ၏။

- သေသော သူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ထမြောက်တော်မမူ။
- ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ ငါတို့ဟောပြောခြင်း၌ အကျိုးမရှိ။
- သင်တို့ယုံကြည်ခြင်း၌လည်း အကျိုးမရှိ။
- ငါတို့သည် ဘုရားသခင်၏ အမှုမှာ မမှန်သောသက်သေခံဖြစ်ကြ၏။

(ခ) ယုံကြည်သော်လည်း အကျိုးမရှိ၊–

- ဘုရားသခင်သည် ခရစ်တော်ကို ထမြောက်စေတော်မမူလျှင်၊ ခရစ်တော်သည် ထမြောက် တော်မမူ။
- သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ထမြောက် တော်မမူ။
- သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏။
- ခရစ်တော်ကို ယုံကြည်၍ အိပ်ပျော်သော သူတို့သည် ဆုံးရှုံးခြင်းသို့ ရောက်ကြပြီ။
- ငါတို့သည် ခရစ်တော်ကိုအမှီပြု၍ ယခုဘဝ၌သာ မြော်လင့်စရာရှိလျှင်၊ အခြားသောသူ အပေါင်းတို့ထက်သာ၍ ဆင်းရဲသောသူဖြစ်ကြ၏။

### ခရစ်တော်သည် ထမြောက်တော် မူ၍၊–

- ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူ၍၊ အိပ်ပျော်သောသူတို့တွင် အဦးသီးသော အသီးဖြစ်တော်မူ၏။
- လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြ၏။

ထိုနောက် ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသော ခရစ်တော်သည် တဖန်ပြန်ကြွလာတော်မူ သောအခါ၊ တပည့်တော် ဖြစ်သော သူအပေါင်းတို့သည် ရှင်ခြင်းသို့ ရောက်ကြ လိမ့်မည်။

သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ပေါ်ထွန်း ကြွလာတော်မူခြင်း ကို မြော်လင့်၍ နေစဉ်၊ ဆုတော် တစ်စုံတစ်ခုမျှ မလျော့ဘဲ စုံလင်လျက်ရှိကြ၏။ သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ နေ့ရက်၌ အပြစ်တင်စရာ အခွင့်နှင့် ကင်းလွတ်မည် အကြောင်း၊ သင်တို့ကို အဆုံးတိုင်အောင် ခိုင်ခံ့မြဲမြံ စေတော်မူ လိမ့်မည်။ ငါတို့ သခင်တည်းဟူသော သားတော်မြတ်သခင်ယေရှုနှင့် ဆက်ဆံခြင်း ကျေးဇူးတော်ကို သင်တို့အား ပေးတော်မူသော ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံ တော်မူ၏။

ဤသည်ကား ထမြောက်ခြင်း ဧဝံဂေလိ တရားတော် ပင်ဖြစ်၏။

အမှုတော်မြတ်၌၊–ရီရီအေး

---